## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၂၅)

## လူထုအုပ်ချုပ်ရေးလွှမ်းမိုးမှု သဘောတရားအခြေခံမှ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချည်းကပ်ခြင်း (၆)

ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို ရေးဆွဲတယ်ဆိုတာဟာ ကိုယ်မြော်မှန်းတဲ့ လူ့အဖွဲ့အစည်းကို လက်တွေ့ ပုံဖေါ်ဘို့ကြိုးစားတာပါဘဲ။ တိုင်းပြည်မှာ အာဏာရလာမယ့် ပုဂ္ဂိုလ်တွေကို အားကောင်းစေလိုတဲ့ လူ့အဖွဲ့ အစည်းမျိုး တည်ဆောက်စေလိုသလား။ အဲသလို ဆိုရင်တော့ ဗဟိုချုပ်ကိုင်မှုကို တင်းကြပ်စွာကျင့်သုံးခွင့် ရနိုင်ပြီး အပြန်အလှန်ကြပ်မတ်စစ်ဆေးခွင့်တွေ နည်းနိုင်သမျှနည်းအောင် ရှောင်ပြီးရေးဆွဲထားတဲ့ ဖွဲ့စည်းပုံမျိုးဖြစ်ရပါမယ်။ အခု နအဖ ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံဟာ အဲဒီ အတိုင်းအတိအကျ ဖြစ်ပါတယ်။

ဒါမှ မဟုတ်ရင် လူထုတွေ အားကောင်းလာစေမယ့် အခြေခံကို ဖေါ်ဆောင်ပေးမယ့် လူ့အဖွဲ့အစည်းမျိုး တည်ဆောက်လိုသလား။ အဲသလို ဆိုရင်တော့ ဗဟိုချုပ်ကိုင်မှုကိုလျှော့ချပြီး အပြန်အလှန်ကြပ်မတ် စစ်ဆေးခွင့်တွေများနိုင်သမျှ များအောင် ထည့်သွင်းရေးဆွဲထားတဲ့ ဖွဲ့စည်းပုံမျိုးဖြစ်ရပါမယ်။ ဒါကို တနည်းအားဖြင့် ပြောရမယ်ဆိုရင်တော့ လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှုသဘောတရား အခြေခံကနေ လူ့အဖွဲ့အစည်းကို ချည်းကပ်တာပါဘဲ။ ဒီ သဘောအခြေခံကို လက်တွေ့ကျင့်သုံးထားတဲ့ တောင်အာဖရိကနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေမူတွေနဲ့ နိုင်းယှဉ်ဆွေးနွေးပါမယ်။

တောင်အာဖရိကနိုင်ငံဟာ နှစ်ပေါင်းရာချီနီးပါးမျှ အာဏာရှင်စနစ် အုပ်ချုပ်မှုအောက်မှာနေခဲ့ပြီး ဒီမိုကရေစီကို အသွင်ကူးပြောင်းခဲ့တာဖြစ်ပါတယ်။ အာဏာရှင်စနစ်တိုင်းမှာတူညီတဲ့ အခြေခံကတော့ ဗဟိုချုပ်ကိုင်မှုကို တင်းကြပ်စွာ ကျင့်သုံးကြတာပါ။ ဒီမိုကရေစီကို အသွင်ကူးပြောင်းသွားပေမယ့်လည်း ဗဟိုချုပ်ကိုင်မှုကိုတော့ ဆက်လက်ကျင့်သုံးကြရဦးမှာ ဖြစ်တယ်။ ဒါမှလည်း တိုင်းပြည်တည်ငြိမ်မှုကို ထိမ်းသိမ်းနိုင်မှာ ဖြစ်လို့ပါဘဲ။ ဒါပေမယ့် တင်းကြပ်တဲ့ ဗဟိုချုပ်ကိုင်မှုကိုတော့ ကျင့်သုံးခွင့်ပြုလို့ မဖြစ်နိုင်တော့ပါဘူး။ ဗဟိုချုပ်ကိုင်မှုကို အတိုင်းအတာနဲ့ အညီလျှော့ချကျင့်သုံးနိုင်ဘို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ စဉ်းစားရတော့တာ ဖြစ်ပါတယ်။ ဒါဖြင့်ရင် လက်တွေ့အရ ဗဟိုချုပ်ကိုင်မှုကို တင်းကြပ်တယ်ဆိုတာဘာလဲ။ လျှော့ချကျင့်သုံးတယ်ဆိုတာကရော ဘာလဲ မေးမြန်းစရာလေ့လာစရာတွေ လိုအပ်လာပါတော့တယ်။

ဗဟိုချုပ်ကိုင်မှုကို တင်းကြပ်တယ်ဆိုတာ တိုင်းပြည်အာဏာကို လက်တွေ့ရယူကျင့်သုံးမယ့် အစိုးရအဖွဲ့ရဲ့ လုပ်ဆောင်မှုတွေကို ကြပ်မတ်စစ်ဆေးမယ့် တိုင်းပြည်အဆောက်အအုံ (State Institution) တွေ နည်းနိုင်သမျှနည်းအောင် တည်ရှိစေတာဖြစ်တယ်။ အဲဒါအပြင် ရှိတဲ့ တိုင်းပြည်အဆောက်အအုံတွေဟာလည်း အသွင်သဏ္ဍာန် အရသာရှိပြီး အနှစ်သာရအရ ပြောရမယ်ဆိုရင် အစိုးရရဲ့လုပ်ဆောင်မှုတွေအပေါ် ကြီးကြပ်ဘို့ ဘာမှလုပ်ပိုင်ခွင့် အာဏာအပ်နှင်းထားခြင်း မရှိဘူး။ နအဖရဲ့ ဖွဲ့စည်းပုံမူတွေကို အသေအချာ လေ့လာကြည့်ပါ။ အစိုးရရဲ့လုပ်ဆောင်မှုတွေ အပေါ်ကြပ်မတ်စစ်ဆေးနိုင်မယ့် အနေအထားရှိတဲ့ တိုင်းပြည်အဆောက် အအုံရယ်လို့ တရားစီရင်ရေး ယန္တယားတခုဘဲ ရှိတယ်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကို မဏ္ဍိုင်ပြုထားတာတွေ့ရမှာပါ။ ဒါပေမယ့် အဲဒီ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကို အပ်နှင်းထားတဲ့ စီရင်ပိုင်ခွင့်အာဏာတွေမှာ ပြည်ထောင်စု အစိုးရရဲ့ လုပ်ဆောင်ချက်တွေအပေါ် ဥပဒေနဲ့ ညီ မညီ ကြပ်မတ်စစ်ဆေးပိုင်ခွင့်ကို ဘာမှ အပ်နှင်းမထားဘူး။ ဒီတော့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ဟာ အစွယ်မရှိတဲ့ ဘီလူးကြီးနဲ့ အလားသဏ္ဍာန် တူနေပါတယ်။

ပိုပြီး ဆိုးတာက အုပ်ချုပ်ရေးအာဏာကျင့်သုံးမယ့် သမတ လက်ထဲမှာ ပြည်ထောင်စု တရားသူကြီးချုပ်တွေကို ခန့်ပိုင်၊ ဖြုတ်ပိုင်ခွင့်ကို အပ်နှင်းထားတဲ့အခါကျတော့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ဟာ အစွယ်မရှိတဲ့ ဘီလူးကြီးပုံတောင် မပေါက်တော့ဘဲ သမတ က လက်သပ်မွေးထားတဲ့ ယုံသူငယ်လေးသဘွယ် ဖြစ်နေပါတယ်။ အခုလက်ရှိ တရားသူကြီးချုပ် ဦးအောင်တိုးဟာ တရားသူကြီးချုပ်ရင့်မာကြီး ဖြစ်ပါရက်နဲ့ နအဖ ဗိုလ်ချုပ်တွေခိုင်းသမျှ တရားစီရင်ရေးနဲ့ မဆိုင်တဲ့ နိုင်ငံရေးအလုပ်တွေကို စါရေးကြီးတဦးသဘွယ် တကုတ်ကုတ် လုပ်နေရသူပါ။ နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ နောက်ပေါ်လာမယ့် တရားသူကြီးချုပ်ဟာလဲ ဦးအောင်တိုးထက် ဘာမှ တိုးပြီးထူးဘွယ် မရှိပါဘူး။

ဒီတော့ အုပ်ချုပ်ရေးအာဏာကို အပြည့်အဝကျင့်သုံးမယ့် သမတနဲ့ သူ့ရဲ့အစိုးရ အဖွဲ့အပေါ် ဘယ်သူမှ ကြပ်မတ်မယ့်သူမရှိ၊ ဗဟိုချုပ်ကိုင်မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ အတင်းကြပ်ဆုံးကျင့်သုံးခွင့် ရတော့မှာ အသေအချာဖြစ်ပါတယ်။

ဗဟိုချုပ်ကိုင်မှုကို လျှော့ချကျင့်သုံးတယ်ဆိုတာကတော့ တိုင်းပြည်အာဏာကို ရယူကျင့်သုံးမယ့် အစိုးရအဖွဲ့ရဲ့ လုပ်ဆောင်မှုတွေကို ကြပ်မတ်စစ်ဆေးမယ့် တိုင်းပြည်အဆောက်အအုံ (State Institution) တွေကို လိုအပ်ချက်နဲ့ အညီ ဖွဲ့စည်းတည်ထောင် လည်ပတ်စေတာဘဲ ဖြစ်ပါတယ်။ တောင်အာဖရိကနိုင်ငံမှာ ပထမဆုံး အရေးတကြီး ထားပြီးတည်ဆောက်တဲ့ တိုင်းပြည်အဆောက်အအုံကတော့ တရားစီရင်ရေးပါဘဲ။ တောင်အာဖရိကနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ (၆၅) တရားစီရင်ရေး ဆိုင်ရာ အခွင့်အာဏာဆိုတဲ့ ခေါင်းစဉ်အောက်မှာ အောက်ပါအတိုင်း အပြည့်အဝ အပ်နှင်းထားတာကို လေ့လာကြည့်ပါ။

(က) သမတနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ အခွင့်အာဏာကို တရားရုံးများတွင် အပ်နှင်းထားရှိသည်။

(ခ) တရားရုံးများသည် လွတ်လပ်စွာ တည်ရှိသည်။ တရားရုံးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများကိုသာ လေးစားလိုက်နာရန် တာဝန်ရှိသည်။ တရားရုံးများသည် ကြောက်ရွံ့ခြင်း၊မျက်နှာလိုက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း တို့မရှိစေရဘဲ ဖြောင့်မတ်စွာ စီရင်ရမည်။

(ဂ) မည်သည့် ပုဂ္ဂိုလ်ဖြစ်စေ၊ တိုင်းပြည်အုပ်ချုပ်ရေး ယန္တယားများ ဖြစ်စေ၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများကို ဝင်ရောက် စွက်ဘက်ခြင်း မပြုရ။

(ဃ) တရားရုံးများ ထိရောက်စွာတရားစီရင်နိုင်မှု၊ လူထု က တရားရုံးများကို အားကိုးအသုံးချနိုင်မှု၊ ဂုဏ်သိက္ခာရှိမှု၊ ဖြောင့်မတ်မှု၊ နှင့် လွတ်လပ်မှု ရှိရန် တို့အတွက် တိုင်းပြည်အုပ်ချုပ်ရေး ယန္တယားများသည် ဥပဒေပြုခြင်းဖြင့်သော်၎င်း၊ အခြားနည်းလမ်းများဖြင့်သော်၎င်း တရားရုံးများကို ကူညီရမည်။ ကာကွယ်စောင့်ရှောက်ရမည်။

(င) တရားရုံးများ က ထုတ်လိုက်သော အမိန့်သို့မဟုတ် ဆုံးဖြတ်ချက် သည် လူအားလုံး၊ တိုင်းပြည်အုပ်ချုပ်ရေး ယန္တယားများ အားလုံး အပေါ် လွှမ်းခြုံသက်ရောက်မှု ရှိစေရမည်။

တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၆၅) အပုဒ် (ဂ) (ဃ) (င) တွေမှာပါတဲ့ ပြဋ္ဌာန်းချက်မျိုးကို နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေမူတွေထဲမှာ တလုံးတပါဒမျှ ရှာလို့မရနိုင်ပါ။ ဘာကြောင့်လဲဆိုတော့ တရားစီရင်ရေး ယန္တယားတောင့်တင်း အားကောင်းမှာကို ကြောက်ရွံ့စိုးရိမ်လို့ဘဲ ဖြစ်ပါတယ်။ အရေးအကြီးဆုံးကတော့ အပုဒ် (င) ပါဘဲ။ နောက်တခေါက် ပြန်လည်လေ့လာကြည့်ပါ။

(င) တရားရုံးများ က ထုတ်လိုက်သော အမိန့်သို့မဟုတ် ဆုံးဖြတ်ချက် သည် လူအားလုံး၊ တိုင်းပြည်အုပ်ချုပ်ရေး ယန္တယားများ အားလုံးအပေါ် လွှမ်းခြုံသက်ရောက်မှု ရှိစေရမည်။

တကြောင်းထဲ ဖြစ်ပေမယ့် အင်မတန်ထိရောက်တဲ့ ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ တရားစီရင်ရေးဆိုင်ရာကနေကြီးကြပ်သုံးသပ်တဲ့ Judicial Review လို့ခေါ်တဲ့ အခွင့်အာဏာစက်ဝန်းကို ရိုးရိုးသာမန် နိုင်ငံသားတွေအပေါ်မှာသာမက တိုင်းပြည်အုပ်ချုပ်တဲ့ အာဏာပိုင်တွေအပေါ်ကိုရော၊ တိုင်းပြည်အုပ်ချုပ်ရေး ယန္တယားတွေအပေါ်ကိုပါ ဖြန့်ကျက်ခွင့် အပ်နှင်းလိုက်တာဘဲ ဖြစ်ပါတယ်။ တောင်အာဖရိကနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဲဒီ ပြဋ္ဌာန်းချက်ကို လက်တွေ့ကျင့်သုံးခဲ့တဲ့ သာဓကတရပ်ကို ပြောပြလိုပါတယ်။

ကမ္ဘာမှာ အင်မတန်မှ နံမည်ကြီးလှတဲ့ နယ်လ်ဆင် မန်ဒဲလား က သမတအဖြစ် တိုင်းပြည်ကိုအုပ်ချုပ်နေတဲ့ အချိန်မှာပါ။ တနေ့တော့ သမတဟာ ရွေးကောက်ပွဲ မဲဆန္ဒနယ်မြေသတ်မှတ်တဲ့ အမိန့်တခုကို ထုတ်ပြန်လိုက်ပါတယ်။ သမတ က ဒီနေ့အမိန့်ထုတ်၊ နောက်ရက်ပိုင်းအတွင်းမှာဘဲ တရားရုံးချုပ်ရဲ့ သုံးသပ်ချက်ထွက်ပေါ်လာခဲ့ပါတယ်။ အဓိက သုံးသပ်တဲ့အချက်ကတော့ သမတရဲ့အမိန့်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီဘူးဆိုတဲ့ အချက်ပါဘဲ။

တရားရုံးချုပ်ရဲ့ သုံးသပ်ချက်ထွက်လာပြီး နောက်တနေ့မှာဘဲ သမတ နယ်လ်ဆင်မန်ဒဲလားဟာ သတင်းစါရှင်းလင်းပွဲတရပ် ခေါ်လိုက်ပါတယ်။ ပြီးတော့ တိုင်းပြည်နဲ့ လူထုကို အောက်ပါအတိုင်း မိန့်ခွန်း မြွက်ကြားခဲ့တယ်။ တောင်အာဖရိကနိုင်ငံ ပြည်သူများခင်ဗျား။ ကျွန်တော်ဟာ ဥပဒေကိုကောင်းကောင်း နားမလည်တဲ့အတွက်အမိန့်တရပ်ကို မှားယွင်းပြီး ထုတ်လိုက်မိပါတယ်။ အခု ကျွန်တော်တို့တရားရုံးချုပ်ကနေ ဒီအမိန့်အပေါ် သုံးသပ်ချက် ထွက်လာပါပြီ။ ကျွန်တော်ဟာ တောင်အာဖရိကနိုင်ငံ ပြည်သူတယောက်အနေနဲ့ တရားရုံးချုပ်ရဲ့ သုံးသပ်ချက်အမိန့်ကို နာခံရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ထုတ်ပြန်ထားတဲ့ သမတ အမိန့်ကိုပြန်လည် ရုပ်သိမ်းပါတယ်။ တောင်အာဖရိက နိုင်ငံသားများ ခင်ဗျား။ ဒီနေရာကနေ ကျွန်တော် အသိပေးခြင်တာရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ တိုင်းပြည်မှာ အုပ်ချုပ်ရေးအာဏာကို အမြင့်ဆုံးကိုင်တွယ်ကျင့်သုံးနေတဲ့ ခင်ဗျားတို့ရဲ့ သမတ သည်ပင်လျှင် ဥပဒေစိုးမိုးရေးရဲ့အောက်မှာ ရှိတယ်။ ဒါကြောင့် ပြည်သူလူထု အားလုံးဟာလည်း ဥပဒေစိုးမိုးရေးကို လေးစားလိုက်နာ ကျင့်သုံးကြစေလိုပါတယ်။

တောင်အာဖရိကနိုင်ငံမှာ အဲသည်လို ဖြစ်ပျက်ခဲ့တဲ့ သာဓက ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လက်တွေ့ ကနေတောင်အာဖရိကနိုင်ငံကို ကြည့်ရင်တော့ ရာမဇာတ်တော်မှာပါတဲ့ သုကြိတ်မြောက်မင်း မျက်ရည်ကျရတဲ့ ကိန်းပါဘဲ။ အစ်ကို ဖြစ်သူရာမမင်း၊ မိမိရဲ့ပေါင်ပေါ်မှာအိပ်နေတုံး မှက်ခြင်ကိုက်လို့ သွေးစိမ်းစိမ်းဖြာကျနေပေမယ့် ရိုက်လိုက်ရင် နိုးသွားမှာစိုးတာကြောင့် အကိုအပေါ် ချစ်ခြင်းမေတ္တာစိတ်နဲ့ ကြိတ်မှိတ်ခံနေတဲ့ လက္ခဏာ ညီတော်မောင်ရဲ့အဖြစ်ကို တွေ့မြင်မိနေတဲ့ သုကြိတ်မြောက်မင်းရဲ့ ခံစားချက်ကို စဉ်းစားကြည့်ပါ။

တောင်အာဖရိကနိုင်ငံမှာ အစိုးရအာဏာပိုင်တွေရဲ့ လုပ်ဆောင်မှုတွေကို ကြပ်မတ်တဲ့ တရားစီရင်ရေးယန္တယားအပြင် အခြားတိုင်းပြည်အဆောက်အအုံတွေလည်း အများအပြားရှိပါတယ်။ အဲဒါတွေအားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နည်းလမ်းတကျ ထည့်သွင်းပြဋ္ဌာန်းပြီး၊ တရားဝင် တည်ရှိလည်ပတ်ခွင့်ပြုထားတဲ့ လွတ်လပ်တဲ့ အဖွဲ့အစည်းတွေ ဖြစ်ပါတယ်။ အောက်ပါတို့ပါဘဲ။

(၁) လူထုကို ကာကွယ်စောင့်ရှောက်သူ အရာရှိ
(၂) လူ့အခွင့်အရေးကော်မရှင်
(၃) ယဉ်ကျေးမှု၊ ဘာသာရေး နှင့် ဘာသာစါပေ အဝန်းအဝိုင်းများ၏ အခွင့်အရေးများကို ကာကွယ်မြှင့်တင်သည့် ကော်မရှင်
(၄) ကျားမ လိင်ပိုင်းဆိုင်ရာ တန်းတူညီမျှရေး ကော်မရှင်

တောင်အာဖရိကနိုင်ငံမှာလို အစိုးရရဲ့လုပ်ပိုင်ခွင့် အာဏာတွေကို ကြပ်မတ်ထိမ်းကျောင်းခွင့်ရှိတဲ့ လွတ်လပ်တဲ့ တိုင်းပြည်အဆောက်အအုံမျိုး၊ အဖွဲ့အစည်းမျိုး တည်ရှိလည်ပတ်မှုကို နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ တခုတလေမျှ ထည့်သွင်းပြဋ္ဌာန်းထားခြင်း မရှိပါဘူး။ ဒါနဲ့ပြောင်းပြန်ပါဘဲ။ နိုင်ငံတော်သမတနဲ့ ကာကွယ်ရေး ဦးစီးချုပ်ကိုသာ အားကောင်းသည်ထက် ကောင်းအောင် စီမံဖန်တည်းထားတာတွေကို တွေ့နိုင်ပါတယ်။ သာဓကအားဖြင့် ပြောရရင် ဘာရေး ကော်မရှင်ရဲ့ ဥက္ကဌဟာ နိုင်ငံတော်သမတဖြစ်တယ်၊ နိုင်ငံတော်သမတဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်တွေကို ရွေးချယ်ခန့်အပ်နိုင်တယ်၊ နိုင်ငံတော် သမတဟာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဌနဲ့ အဖွဲ့ဝင်တွေကို ခန့်အပ်တာဝန်ပေးရမယ်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဟာ ဒုတိယသမတနဲ့ အဆင့်အတန်းခြင်းတူတယ်၊ အစရှိတာတွေ ဖြစ်ပါတယ်။ အောက်ခြေလူထုရဲ့ အခန်းကဏ္ဍတွေ ဘယ်မှာလဲ။ ဒီလို ဖွဲ့စည်းပုံကိုမှ တင်းကြပ်တဲ့ ဗဟိုချုပ်ကိုင်မှုလို့မပြောရင် ကမ္ဘာမှာ ဘယ်ဖွဲ့စည်းပုံကို ပြောစရာရှိပါသေးသလဲ။ ဒီလို ဖွဲ့စည်းပုံမျိုးအောက်မှာ လူထုအုပ်ချုပ်ရေးလွှမ်းမိုးမှု သဘောတရားကို လက်တွေ့ကျင့်သုံးဘို့ဆိုတာ လေထဲမှာ တိုက်အိမ်ဆောက်သလိုသာ ဖြစ်ပါလိမ့်မယ်။

တင်းကြပ်တဲ့ ဗဟိုချုပ်ကိုင်မှုကို တည်ဆောက်ပြီး အာဏာရှင်စနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီကျားကန်ပေးထားတဲ့ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုအနေနဲ့ ပယ်ချရုံမှတပါး အခြားမရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။